## ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ
## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)
## ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
## (၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်)

**[ ပြင်ဆင် : 18.10.2021 ]**

Myanmar Law Information System (MLIS)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော မြန်မာသမိုင်းအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကိုဆိုသည်။

(င) **မြန်မာသမိုင်း** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်ဆက်နွှယ်သော သမိုင်းကိုဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာသမိုင်းကို အထောက်အထားခိုင်မာစွာ စနစ်တကျ ဖော်ထုတ်ပြုစုရန်၊

(ခ) မြန်မာသမိုင်းဆိုင်ရာ အထောက်အထားများကို ပြည်တွင်း ပြည်ပမှ ရှာဖွေစုဆောင်းရန်၊

(ဂ) ရှာဖွေစုဆောင်း ရရှိပြီးသော အထောက်အထားများကို အခြေခံ၍ မြန်မာသမိုင်းကို သုတေသနပြုစုရန်၊

(ဃ) သုတေသနတွေ့ရှိချက်များကို အခြေခံ၍ ခေတ်အပိုင်းအခြားအလိုက် မြန်မာသမိုင်းကိုပြုစုရန်၊

(င) မြန်မာသမိုင်းနှင့် ဆက်နွယ်သော ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သော အကူအညီ ရယူရန်၊

(စ) ပြည်သူလူထု၏ သမိုင်းဆိုင်ရာ အသိပညာ၊ ဗဟုသုတတိုးပွားစေရေးအတွက် မြန်မာသမိုင်းနှင့် သက်ဆိုင်သော ကျမ်း၊ စာအုပ်၊ စာစောင်နှင့်စာတမ်းများကို ပြုစုထုတ်ဝေရန်၊

(ဆ) သမိုင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

## **အခန်း(၃)**

## **ဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သုတေသီများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်သည့် အချိန်ပြည့်အဖွဲ့ဝင်စုစုပေါင်း ၂၀ ဦးထက်မပိုသော မြန်မာသမိုင်းအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) သမိုင်းဆိုင်ရာ သုတေသနကဏ္ဍအတွက် လိုအပ်သည့် အကြံဉာဏ်များ၊ ဦးဆောင်မှုများပေး နိုင်သည့် သမိုင်းဆိုင်ရာကျွမ်းကျင်သူသက်ကြီးပညာရှင်များနှင့် အထောက်အကူပြုနိုင်သည့် ဌာနဆိုင်ရာဆက်စပ်အဖွဲ့အစည်းများမှတာဝန်ရှိသူများ စုစုပေါင်း ၁၅ ဦးထက်မပိုသော ပုဂ္ဂိုလ် များ ပါဝင်သည့် အချိန်ပိုင်းအဖွဲ့ဝင်များကိုလည်း လိုအပ်သလို ဖြည့်စွက်ဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသည့် အချိန်ပြည့်အဖွဲ့ဝင်များမှ အဖွဲ့၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဃ) ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ဖွဲ့စည်းထားသောအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 18.10.2021>

## **အခန်း(၄)**

## **အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ အဖွဲ့၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့ကိုတာဝန်ခံခြင်း၊

(ခ) မြန်မာနိုင်ငံသမိုင်းကို စနစ်တကျ ဖော်ထုတ်ပြုစုရာ၌ ပံ့ပိုးကူညီဖြည့်ဆည်းခြင်း၊

(ဂ) သမိုင်းသုတေသီများ၊ သမိုင်းပညာရှင်များ ပေါ်ထွန်းစေရန်လေ့ကျင့်ပေးခြင်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) မြန်မာသမိုင်းဆိုင်ရာ အချက်အလက်များ၊ အထောက်အထားများကို ရှာဖွေရရှိစေရန် ပံ့ပိုးခြင်း၊

(င) မြန်မာသမိုင်းဆိုင်ရာ စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းထားရှိခြင်း၊

(စ) တက္ကသိုလ် သမိုင်းဌာနများနှင့် အခြားဝန်ကြီးဌာန အသီးသီးမှ လိုအပ်သောသမိုင်းသုတေသန ဆိုင်ရာ အကူအညီများပေးခြင်း၊

Myanmar Law Information System (MLIS)

(ဆ) မြန်မာသမိုင်းနှင့်သက်ဆိုင်သော သုတေသန အထောက်အထားများကို စိစစ်ခြင်းနှင့် ကျမ်း၊ စာအုပ်၊ စာစောင်နှင့် စာတမ်းများကို ပြုစုထုတ်ဝေခြင်း၊

(ဇ) အစိုးရအဖွဲ့နှင့်ဝန်ကြီးဌာနက ပေးအပ်သည့် မြန်မာသမိုင်းဆိုင်ရာ တာဝန်များကိုဆောင်ရွက်ခြင်း။

၆။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) လိုအပ်သောအဖွဲ့ခွဲများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် ပြင်ပပုဂ္ဂိုလ်များထံမှ လိုအပ်သောအကူအညီကို ရယူခြင်း၊ ထိုသို့ရယူရာတွင် လိုအပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့်ရယူခြင်း၊

(ဂ) စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ပြည်တွင်းပြည်ပမှ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် လက်ခံရယူခြင်းတို့ကို ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ဦးစီးဌာန၏ ပံ့ပိုးကူညီမှုရယူခြင်း။

## အခန်း (၅)

## အထွေထွေ

၇။ ဦးစီးဌာနသည် အဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၉။ အဖွဲ့၏ ကုန်ကျစရိတ်များကို ဦးစီးဌာနက ကျခံရမည်။

၁၀။ အဖွဲ့၏ ရငွေနှင့်သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီထားရှိဆောင်ရွက်ရမည်။

၁၁။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၂/၉၁) အရ ထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ဤဥပဒေ နှင့် မဆန့်ကျင်သရွေ့ကျင့်သုံးနိုင်သည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ အဖွဲ့သည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လည်းကောင်း ထုတ်ပြန်နိုင်သည်။

၁၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၁) ကိုဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)